**ဤစာအုပ်**ပါ စာမူများ စုပေါင်းလိုက်သည်ရှိသော် ယေဘုယျအားဖြင့် ပြည်တွင်း ခရီးသွား ဆောင်းပါးကြီးတစ်စောင်ဟု ပြောနိုင်၏။ သတ်မှတ်နိုင်၏။ သို့တစေ ထိုမျှဖြင့် ပြည့်စုံနိုင်ခြင်း မရှိသေးပေ။ အကြောင်းသော် ခရီးသွား ခြင်း သက်သက်ကိုသာ လွှာ၍ ပါသောကြောင့်မဟုတ်။ တစ်နည်းအားဖြင့် ဆရာဦးသိန်းဖေမြင့်သည် သူ သွားခဲ့ လာခဲ့ ရောက်ခဲ့သော ဒေသနှင့် ယင်း တို့၏ ပထဝီကိုသာ ရေးခြင်း မဟုတ်မူ၍ ထိုဒေသ၏ လူနေမှုစနစ်၊ နိုင်ငံရေး လှုပ်ရှားမှုနှင့် ဒေသနေ လူတို့၏ အသည်းနှလုံးကို ရေးသောကြောင့် ဖြစ်၏။ ဖတ်ကြည့်သော် သိနိုင်ရာ၏။ ထို့ကြောင့်ပင်

**ဤစာအုပ်**အတွက် ကနဦး ပေးသည့် 'ကျွန်တော်ချစ်သော မြန်မာပြည်' ဟူသော အမည်ကို မခံယူမူ၍ ယင်းထက် ပိုမိုကျယ်ပြန့်ပြီး၊ ပြီးပြည့်စုံခြင်းလည်းရှိသော 'ပြည်သူ့ကြားမှာ အမှန်ရှာ' အမည်ကိုသာ ခံယူလိုက်ခြင်းဖြစ်၏။

**ဤစာအုပ်**သည် နိုင်ငံ၏ ပထဝီဝင် စာအုပ်လည်း ဖြစ်သည်။ သမိုင်း စာအုပ်ဟု လည်း ဆိုနိုင်၏။ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစီးပွားရေး နှင့် အမျိုး သားနိုင်ငံရေးလှုပ်ရှားမှု စာအုပ်ဟုလည်း ပြောနိုင်ပေသည်။

**ဤစာအုပ်၏ ပိုမိုထူးခြားချက်မှာ ကိုယ့်နိုင်ငံအကြောင်းကို စာတွေ့၊ ပေမှီး၊ သုတေသနအချက်အလက်များဖြင့် ပြုစုထားသည် မဟုတ်မူဘဲ စာရေးသူ၏ အတွေ့၊ အကြုံ၊ အစူး၊ အစမ်းတို့ကို ရသမြောက်မြောက် ရေးထားသည့် အချက်ဖြစ်သည်။ အလွဲအချော် အတိမ်းအစောင်း အပိုအလို မရှိ။ ပကတိအစစ်အမှန်တို့ကိုသာ အတိအကျ ရေးထားခြင်းလည်း ဖြစ် သည်။ သို့ဖြင့် ယခု ဤစာအုပ်ကိုဖတ်လျက် ကိုယ့်ပြည်တွင်း ထက်၊ လယ်၊ အောက် နေသူတို့၏ လူနေမှုကို သိရာ၏။ နိုင်ငံရေး လှုပ်ရှားမှုကို သိရာ၏။ အသည်းနှလုံး သိရာ၏။**

**မောင်ကိုဦး(ပုဂံစာအုပ်တိုက်) ၏ အမှာစာမှ–**